MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**ရှမ်းပြည်တောင်ပိုင်း ကလောခရိုင်နှင့် ပင်းတယခရိုင် အတွင်း စိုက်ပျိုးထုတ်ကုန်များ စုဆောင်း သိုလှောင် ရောင်းချမည့် ဈေးရုံ ( Collector Market ) စီမံကိန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အသိပေးထုတ်ပြန် ကြေညာခြင်း။**

**၁။ နိဒါန်း**

မြန်မာအက်ဂရိုအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MAEX)သည် ရန်ကုန်မြို့ရှိ တည်းကုန်းလက်ကားဈေး စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ယခုအခါ MAEX အနေဖြင့် ကုမ္ပဏီ၏ ရည်မှန်းချက်အတိုင်း တည်းကုန်း လက်ကား ဈေးကြီးအတွင်း လာရောက်ရောင်းချလျက်ရှိသည့် စိုက်ပျိုးထုတ်ကုန်များ အနက် အဓိက ထွက်ရှိသော ရှမ်းပြည်တောင်ပိုင်း ကလောခရိုင် နှင့် ပင်းတယခရိုင် အတွင်းရှိ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ စိုက်ပျိုးမြေဧရိယာ အတွင်း စိုက်ပျိုးထွက်ရှိလာမည့် ထုတ်ကုန်များကို တည်းကုန်း လက်ကား ဈေးကြီးနှင့် ချိတ်ဆက် နိုင်မည့် စိုက်ပျိုးထုတ်ကုန်များ စုဆောင်း၊ သိုလှောင် ၊ရောင်းချသည့် ဈေးရုံ ( Collector Market ) စီမံကိန်းများ တိုးချဲ့လုပ်ကိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

**၂။စီမံကိန်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ**

**(က) စီမံကိန်းနှင့် ပတ်သတ်၍ ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်**

အဆိုပါစီမံကိန်းနှင့်ပတ်သတ်၍ ၂၆.၉.၂၀၂၃ ရက်နေ့တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့ အစည်းအဝေး ၇/၂၀၂၂-၂၀၂၃ တွင် တင်ပြခဲ့ရာ ဒါရိုက်တာအဖွဲ့မှ အဆိုပါစီမံကိန်းအား အကောင်အထည်ဖော် သင့်ကြောင်း ဆုံးဖြတ်ခဲ့ပြီး စီမံကိန်းစတင်ရန်အတွက် လိုအပ်သော မြေယာများ ဝယ်ယူခြင်း လုပ်ငန်းစဉ် စတင်ဆောင်ရွက်ရန် သဘောတူညီခဲ့ပါသည်။ ထို့နောက် မြေယာဝယ်ယူခြင်း၊ မြေယာအား အခြားနည်းဖြင့် သုံးစွဲနိုင်ရန် အစရှိသော လုပ်ငန်းဆောင်ရွက် ခြင်းများအား ကုမ္ပဏီကိုယ်စား လွှဲအပ်လုပ်ကိုင်ခွင့်ပြုနိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့မှ လှည့်လည်စာ (Circular Letter) ၁/၂၀၂၂-၂၀၂၃ ဖြင့် သဘောတူညီချက်ပေးခဲ့ပါသည်။

**(ခ) စီမံကိန်းအကောင်အထည်ဖော်လုပ်ငန်းအစီအစဉ်များ**

ဤစီမံကိန်းသည် ရှမ်းပြည်တောင်ပိုင်း ကလောခရိုင် နှင့် ပင်းတယခရိုင် အတွင်းရှိ ဟဲဟိုး ၊ ဟဲဟိုးနှင့် ဘော်နင်းအကြား၊ ဟဲဟိုး နှင့် ကျုံး အကြား ပတ်ဝန်းကျင်တွင် မြေယာများဝယ်ယူ၍ စိုက်ပျိုး ထုတ်ကုန်များ စုဆောင်း သိုလှောင် ရောင်းချမည့်ဈေးရုံ ( Collector Market ) များတည်ဆောက်ရန် လျာထားဆောင်ရွက် လျက်ရှိပါသည်။ အဆိုပါ Collector Market စီမံကိန်းတွင် စိုက်ပျိုးရေး ထုတ်ကုန်များ အား အရည်အသွေး စံချိန်စံညွှန်းများအလိုက် ရွေးချယ်၍ အမျိုးအစားခွဲခြားခြင်း၊ သန့်စင် ထုတ်ပိုးခြင်း (Sorting and Packaging) ဈေးရုံများ၊ မျိုးသီးနှံများ သိုလှောင်ထားနိုင်ရန်နှင့်

No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

ထွက်ကုန်ပစ္စည်းများ စနစ်တကျ ထားရှိနိုင်ရန် အတွက် အအေးခန်းများ( Cold Storage)၊ အခြောက်ခံ သိုလှောင်ရုံများ (Dry Storage)၊ ပွဲရုံများနှင့် တောင်သူများ တိုက်ရိုက်ရောင်းချနိုင် သော ဈေးရုံများ ထည့်သွင်းတည်ဆောက် သွားမည်ဖြစ်ပါသည်။ **ပူးတွဲ (၁)**

ဤစီမံကိန်း စတင်အကောင်အထည်ဖော်ရန်အတွက်

တည်နေရာ- ၁။ ဟဲဟိုး-ဘော်ဆိုင်း လမ်းမအနီးယာမြေ (၂၄.၉- ဧက)၊

တည်နေရာ- ၂။ ဟဲဟိုး-ဘော်နင်း လမ်းမအနီးယာမြေ ( ၄ - ဧက)၊

တည်နေရာ- ၃။ ဟဲဟိုး -ကျုံး ကြား လမ်းမအနီးယာမြေ ( ၉.၅၉ - ဧက)၊

စုစုပေါင်း ယာမြေဧက (၃၈.၄၉ ) ဧက အား ဝယ်ယူပြီး ဖြစ်ပါသည်။ **ပူးတွဲ (၂)**

**(ဂ)စီမံကိန်းဆောင်ရွက်မည့် အချိန်ကာလ**

ယခုအခါ စီမံကိန်း၏ ကနဦးအချိန်ကာလဖြစ်ပြီး MIC Permit ရရှိရန် နှင့် စီမံကိန်း လုပ်ကိုင်ခွင့်ရရှိရေးအတွက် လုပ်ငန်းစဉ်များ စတင်လုပ်ဆောင်လျက်ရှိပါသည်။

စီမံကိန်းအား ၂၀၂၄ ခုနှစ် ပွင့်လင်းရာသီတွင် စတင်အကောင်အထည်ဖော်နိုင်ရန် မျှော်မှန်း ထားရှိပြီး မျှော်မှန်းထားသည့်အချိန်ထက် စောလျင်စွာ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

**(ဃ) စီမံကိန်းတန်ဖိုးခန့်မှန်းခြေ နှင့် ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ**

ဤစီမံကိန်းသည် လတ်တလောတွင် ကနဦးအဆင့်တွင် ရှိနေသောကြောင့် ဘဏ္ဍာရေးနှင့် ပရောဂျက်စီမံခန့်ခွဲမှုအဖွဲ့မှ လိုအပ်သောဘဏ္ဍာရေးအချက်အလက်များကို စုဆောင်းပြီး ခွဲခြမ်း စိတ်ဖြာရန် ဆောင်ရွက်လျက်ရှိပါသည်။ အသေးစိတ်တွက်ချက်မှုများပြီးစီးချိန်တွင် စီမံကိန်းတန်ဖိုး ခန့်မှန်းခြေ နှင့် ၎င်း၏ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို ဆက်လက် ကြေညာသွားမည် ဖြစ်ပါသည်။

**၃။ ဆက်နွယ်ပတ်သတ်သည့်သူများနှင့် အရောင်းအဝယ်လုပ်ဆောင်ချက်**

စီမံကိန်းမြေယာများအား ဒေသခံများဆီမှ သင့်တော်သော မြေတန်ဖိုးပေးချေ၍ ဝယ်ယူခဲ့ခြင်း ဖြစ်ပြီး ကုမ္ပဏီ၏ ဒါရိုက်တာများသော်လည်းကောင်း အခြားအစုရှယ်ယာရှင်များသော်လည်းကောင်း ယခုအရောင်းအဝယ်လုပ်ဆောင်ချက်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခြားအကျိုးစီးပွား တစ်စုံတစ်ရာ ပါဝင်ပတ်သတ်မှု မရှိပါ။

## ၄။ ဒါရိုက်တာဘုတ်အဖွဲ့၏ သုံးသပ်ချက်

ဒါရိုက်တာဘုတ်အဖွဲ့မှ စီမံကိန်းသည် ကုမ္ပဏီ၏ မူလချမှတ်သော မူဝါဒနှင့် ကိုက်ညီပြီး ရေရှည်တွင်အကျိုးအမြတ်ရရှိနိုင်ကြောင်း၊ လက်ရှိဆောင်ရွက်နေသော တည်းကုန်းလက်ကားဈေး အတွင်း ရောင်းဝယ်ဖောက်ကားမှုနှင့် ထုတ်လုပ်ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များ အား ထောက်ပံ့သည့် ကွင်းဆက် ( Supply Chain ) အတွက် မဖြစ်မနေဆောင်ရွက်သင့်သော စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းဆောင်ရွက်မည့် တည်နေရာများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် မဟာဗျူဟာ အရ အချက်အချာကျသောနေရာ ဖြစ်ပြီး ဒေသဆိုင်ရာ တောင်သူများ ဝင်ငွေပိုမိုတိုးတက်လာပြီး နေထိုင်မှု အဆင့်အတန်းပိုမိုမြင့်မားလာ ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေနိုင်သည့်အပြင် နိုင်ငံတော်အတွင်း စိုက်ပျိုး ထုတ်လုပ်မှု ကဏ္ဍအတွက် အကျိုးဖြစ်ထွန်းစေပါ သဖြင့် မူအားဖြင့် ဆောင်ရွက်သင့်ပါ ကြောင်း သုံးသပ်ပြီး မြေယာဝယ်ယူခြင်းနှင့် လုပ်ငန်းစဉ်များအား စတင်ဆောင်ရွက်ရန် သဘောတူ ဆုံးဖြတ် ထားပါသည်။

## ၅။ နိဂုံးချုပ်

မြန်မာအက်ဂရိအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်( MAEX ) သည် တည်းကုန်းလက်ကား ဈေးကြီးနှင့် ချိတ်ဆက်နိုင်မည့် စိုက်ပျိုးထုတ်ကုန်များ စုဆောင်း၊ သိုလှောင် ၊ ရောင်းချသည့် ဈေးရုံ ( Collector Market ) စီမံကိန်းများ တိုးချဲ့လုပ်ကိုင်ရန် ကြိုးပမ်းဆောင်ရွက် လျှက်ရှိပြီး စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်တိုးတက်မှုများကို အချိန်နှင့် တပြေးညီ ဆက်လက် ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာအက်ဂရိအိတ်စ်ချိန်း အများနှင့်သက်ဆိုင်သော
ကုမ္ပဏီလီမိတက်(MAEX)

# စီမံကိန်းရည်ရွယ်ချက်နှင့် စီမံကိန်းအကောင်အထည်ဖော်လုပ်ငန်းအစီအစဉ်များ

ပိုမိုပွင့်လင်းမြင်သာပြီးတန်ဖိုးမြင့်ထုတ်လုပ်မှုနှင့် ဖြန့်ချိမှုများပေါ်ပေါက်စေရန် အတွက်အောက်ပါအချက်များကိုအရှိန်မြင့်ဆောင်ရွက်ရန်ရည်ရွယ်ပါသည်။

- ဈေးရုံများအတွက်အခွင့်အလမ်းအသစ်များကို ဖော်ထုတ်ပြီးစိတ်ဝင်စားမှုများရှိလာအောင်ဆောင်ရွက်ခြင်း
- စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းချိန်လွန်ခြင်းလုပ်ငန်းစဉ်များကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်း
- ကုန်ကြမ်းထုတ်လုပ်မှုမှစတင်ပြီးဝယ်ယူသူများလက်ထဲရောက်သည်အထိ လုပ်ငန်းစဉ်များကိုပူးပေါင်းဆောင်ရွက်သော ပါတနာများနှင့် ကောင်းမွန်သင့်မြတ်သော ပူးပေါင်းမှုများပြုလုပ်ခြင်း
- ဈေးရုံအားပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သောအထောက်အပံ့များနှင့် လူအင်အားအရင်းအမြစ်များအပေါ်ရင်းနှီးမြှုပ်နှံခြင်း (ဥပမာ- သွင်းအားစုများထောက်ပံ့ခြင်း၊ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ၊ ငွေကြေးဝန်ဆောင်မှုများ)
- စိုက်ခင်းများအတွက်လိုအပ်သောရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဦးစားပေးသောစီးပွားရေးပတ်ဝန်းကျင်နှင့် အခြေခံအဆောက်အအုံများ ထူထောင်ခြင်း။




## စီမံကိန်းရည်ရွယ်ချက်

အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် စီမံကိန်း အကောင်အထည်ဖော်လုပ်ငန်း အစီအစဉ်များ ရေးဆွဲခဲ့ပါသည်။









### လက်ကားဈေးသစ်

- ယခုလက်ကားဈေးသည် လယ်ယာစိုက်ပျိုး ရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး အားလုံး အတွက် အဓိက တွန်းအားပေး ပြုလုပ်စေနိုင်ပြီး လယ်သမားများအား ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ထုတ်လုပ်နိုင်မှုအား ကိုလည်း အခွင့်အလမ်း ဆွဲဆောင်မှုများ နှင့်လည်းတွန်းအားပေးပါသည်။
- စိုက်ပျိုးရေးစနစ်သည် အနာဂါတ် ကောက်ပဲသီးနှံထုတ်လုပ်ရေးတိုးတက်မှု အတွက်သော့ချက်ဖြစ်ပါသည်။
- အနာဂါတ်တွင် ရှမ်းပြည်နယ် တောင်ပိုင်း ဒေသမှ အရည်အသွေးမီ လယ်ယာထွက်ကုန် ဟင်းသီး ဟင်းရွက် နှင့် သစ်သီးဝလံပန်းမာန် ပစ္စည်းများ ၏ အဓိကထုတ်လုပ်မှုဗဟိုတစ်ခု ပေါ်ထွန်း လာစေရေးနှင့် ပြည်တွင်းစားသုံးမှု အတွက်သာမက နိုင်ငံတကာသို့ တင်ပို့ နိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေ များ ရှာဖွေပေးနိုင်ရန် ရည်ရွယ်ပါသည်။

### ကုန်လှောင်ရုံသစ်များ

- ပြည်တွင်းစီးပွားရေးတိုးတက်မှုကို လွယ်ကူချောမောစေရန်
- ခေတ်မှီနည်းစနစ်များဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး နေရာများ ဖန်တီးထားရန်
- ရောင်းဝယ်ဖောက်ကားသူများနှင့်လယ်သမားများအားအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပေးနိုင်ရန်


### ပွဲရုံသစ်များ

- ရေတိုနှင့်ရေရှည်လိုအပ်ချက်များအပေါ် မူတည်၍အဆောက်အဦးများပြုလုပ်ပေး ခြင်း
- လူမှုပတ်ဝန်းကျင်၊ မြို့ပြနှင့် ကျေးလက်များ အကြား ကောင်းမွန်စွာ သယ်ယူ ပို့ဆောင် နိုင်သော အဆောက်အဦဖန်တီးပေးနိုင်ခြင်း
- ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် ပြန်လည် ဆန်းသစ်တိုးတက်လာနိုင်စေခြင်း


### သင့်တင့်မျှတသော လူမှု ဝန်ဆောင်မှုများ ပါဝင်သည့်ရပ်ဝန်း

- သန့်ရှင်းလတ်ဆတ်သော အသီးအရွက်များ ထုတ်ပိုးနိုင်မှုများရှိလာစေနိုင်ရန်
- အစီအမံကောင်းများဖြင့်ရေးဆွဲထားသော လက်ကား ဈေးကြီးနှင့်အတူ သန့်ရှင်း၍ လုံခြုံ စိတ်ချ ရသော လူမှုပတ်ဝန်းကျင် ကောင်းတစ်ခု ရရှိလာစေနိုင်ရန်
- အရည်အသွေး ကောင်းမွန်သော သစ်သီးဝလံထုတ်ကုန်များ ပြည်တွင်း တွင်ထုတ်လုပ်လာစေနိုင်ရန်
- လယ်သမားများအတွက်ခိုင်မာ၍ ရေရှည်တည်တံ့သော စီးပွားရေး ဈေးကွက်တစ်ခု ဖြစ်လာစေနိုင်ရန်

## ရှမ်းပြည်တောင်ပိုင်း ကလောခရိုင်နှင့် ပင်းတယခရိုင် အတွင်း စိုက်ပျိုးထုတ်ကုန်များ စုဆောင်းသိုလှောင် ရောင်းချမည့် ဈေးရုံ ( Collector Market ) စီမံကိန်း တည်နေရာပြပုံ




### MAEX - တည်နေရာ (၁)



## MAEX - တည်နေရာ (၂)






## MAEX - တည်နေရာ (၃)



MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

**"Announcement of the Establishment of Collector Market Centers for Aggregating, Processing, and Distributing Agricultural Products in Kalaw and Pindaya Townships"**

## I.INTRODUCTION

Myanmar Agro Exchange Company Limited (MAEX) is currently successfully implementing the Danyingone Wholesale Market project in Yangon. As part of its company goals, MAEX is now endeavoring to expand the Collector Market projects. These projects will facilitate the connection of products cultivated in the agricultural lands of farmers in the Kalaw district and Pindaya district of Southern Shan State, which serves as the primary source of agricultural products supplied to and sold in the Danyingone Wholesale Market.

## II.INFORMATION ON THE PROJECT

### a. BOD resolution for the project

Regarding the project, it was formally presented during the board of directors meeting held on 26th September 2023 (7/2022-2023) and the board of directors decided to proceed with the project and agreed to initiate the process of acquiring the necessary land to start the project. Subsequently, the board of directors approved the purchase of land and delegated the necessary responsibilities on behalf of the company for alternative usage of the land through BOD Circular Letter 1/2022-2023.

### b. Project Outline

This project is located in Kalaw District and Pindaya District of Southern Shan State. It is planned to purchase land in Heho, between Heho and Baw Nin, and as well as between Heho and Kyone, to build collector markets for collecting, storing, and selling agricultural products. In this Collector Market project, agricultural products will be selected and classified according to quality standards. The products will be sorted and packaged, and facilities such as markets, cold storage, dry storage, shophouses, and spaces for direct farmer-to-farmer sales will be constructed. **(See Attached -1)**

No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

For the implementation of this project, the following land plots have been acquired:

Location 1: 24.9-acre plot of land near Heho – Baw Hseng Road.

Location 2: 4-acre plot of land near Heho – Baw Nin Road.

Location 3: 9.59-acre plot of land near the road between Heho and Kyone.

In total, 38.49 acres of land have been purchased for the project.**(See Attached-2)**

**c. Project Timeline**

This project is currently in its initial phase, and the process of obtaining the MIC Permit and necessary project operating rights is under process.

The project is expected to be implemented in the summer of 2024, and we are trying our best to implement it earlier than expected.

**d. Estimated Project Amount and Financial Effect**

As this project is currently in its initial stages, our finance and project management teams are working diligently to collect and analyze the necessary financial data. Following detailed calculations, we will announce the estimated project amount and its financial effect.

**III. RELATED PARTY TRANSACTION**

The project land was purchased from the local residents by paying an appropriate land value and none of the Company's directors and substantial shareholders (except in their respective capacities as a director and/or shareholder of the Company) has any direct or indirect interest in the above transaction.

**IV. STATEMENT BY BOARD OF DIRECTOR**

After careful deliberation, the Company's board of directors is convinced that this project aligns with the company's mainly policy, ensuring long-term profitability, and is crucial for the supply chain supporting trade and production at the Danyingone wholesale

market. Additionally, the selected locations are strategic agricultural centers, offering opportunities to increase local farmers' income, elevate living standards, foster regional development, and contribute to the growth of the national agricultural sector. As a result, the board has agreed to commence the land acquisition process.

## V. CONCLUSION

Myanmar Agro Exchange Public Company Limited (MAEX) is actively working to expand the Collector Market projects that will be linked to the Danyingone wholesale market and will continue to provide updates on the project's progress in a timely manner.

Board of Directors

Myanmar Agro Exchange Public Company Limited

Attached (1)

## Project Objective and Outline

Accelerating the transition process towards more transparent and higher value adding production and supply requires pursuing a combination of objectives:

- new end market opportunities are identified and stimulated
- optimized cultivation and post-harvest activities
- more efficient cooperation between or integration of supply chain partners and improvement of chain governance
- investments in human capital and development of supporting markets (e.g. input supplies, technical services, financial services)
- establishment of a business environment and infrastructure that favors horticultural investment and growth.




## Project Objective

The follow visions are set out for the development of this project.









**New Wholesale Market**

- the market is the key driving force for all agricultural and rural development , offering both the incentives and the means for farmers to improve their efficiency and overall output.
- farming system driven approaches in future crop production development strategies.
- to establish a significant production zone for high-quality agricultural products, from the southern region of Shan State. This initiative intends not only to meet domestic demand but also to facilitate international exports, thereby contributing to the state's foreign currency earnings.

**New Warehouse Buildings**

- to facilitate local economic growth
- to create modern and sustainable agriculture area with supporting facilities
- to create more opportunities for famer and seller


**New Trader Offices**

- to provide range of traders offices that can meet different needs
- to provide good transport infrastructure both within the community and linking it to urban and regional centers
- to enable innovation in local business.


**Balanced Community**

- to clean and pack for fresh fruits & vegetables
- to create safe and healthy local environment with well-designed wholesales market.
- to provide good quality local food products in the southern Shan state, including fresh fruits and vegetables.
- To become a strong and sustainable economic market for farmers.

# "Locations of the collector market project in Kalaw District and Pintaya District in southern Shan State"




MAEX – Location 1



# MAEX – Location 2






# MAEX – Location 3

